# မာတိကာ


| | | |
|---|---|---|
| | အမှာစာ | ၈ |
| ၁။ | ကျွာရင်တင်း(သို့မဟုတ်) ရောဂါခြေချုပ်ခြင်း ပုံပြင် | ၁၁ |
| ၂။ | အဲသလို ဖြစ်ချင်မှဖြစ်မှာ | ၂၅ |
| ၃။ | လက်ဆေးခြင်း | ၃၅ |
| ၄။ | ကိုဗစ်-၁၉ ဥပစာများ | ၄၉ |
| ၅။ | ပြည်တော်ပြန် | ၆၃ |
| ၆။ | ငှက်သံကြားချိ | ၇၅ |
| ၇။ | တစ်ကိုယ်ရေတည်းနေ၍ | ၈၃ |
| ၈။ | ချောင်းဆိုးခြင်း | ၉၃ |
| ၉။ | ကိုဗစ်အတွန် | ၁၀၇ |
| ၁၀။ | အမှောင်ခေတ်၊ သူရဲကောင်းလိုတဲ့ မြေနှင့် ဘတ်တော့ဘရက်ချ် | ၁၁၉ |
| ၁၁။ | ခင်ဗျားတို့ ကျွန်တော်တို့အတွက် ထိုးတဲ့ခေါင်းလောင်း | ၁၂၇ |
| ၁၂။ | ကိုဗစ်ကပ်ရောဂါနှင့် တစ်ကျော့ပြန် "ပလိပ်" | ၁၃၉ |
| ၁၃။ | အမေရိကန် စာရေးဆရာမ ဇရင်လီဘိုဝစ်ချ်နှင့် စကားပြေည် | ၁၅၇ |
| ၁၄။ | ကိုရိုနာဗိုင်းရပ်စ်ကို စမ်းကြည့်ခြင်း | ၁၇၁ |
| ၁၅။ | ကိုဗစ်ရောဂါနှင့် ဂျိန်းဗွတ်ခဲလ် | ၁၈၅ |
| ၁၆။ | ပုရွက်ဆိတ်ကဗျာ | ၂၀၀ |
| ၁၇။ | ကိုဗစ်အလွဲများ(၁) | ၂၁၁ |
| ၁၈။ | ကိုဗစ်အလွဲများ(၂) | ၂၂၅ |
| ၁၉။ | မောလည်း မော ရယ်လည်း ရယ် | ၂၃၉ |


# အမှာစာ

ကိုဗစ်ကာလအစမှာ ကျွန်တော် ဘာလုပ်ရမည်မသိ။ ယောင်တောင်တောင် ဖြစ်နေမိသည်။ ကိုယ်က ကျန်းမာရေးဝန်ထမ်းဘဝက အနားယူထားပြီးမို့ ဒီကပ်ရောဂါနှင့် ပတ်သက်၍ တက်တက်ကြွကြွ ဝင်ရောက်ဆောင်ရွက်ပေးစရာမလို။ ကျွန်တော်တို့နေရာ အစားထိုးတာဝန် ယူနေသည့်သူများကလည်း လုပ်နိုင်ကိုင်နိုင် ပြောနိုင်ဆိုနိုင် တက်ကြွသန်မာတောင့်တင်းသူများဖြစ်၍ ကျွန်တော်တို့ စိတ်ပူစရာမရှိ။

ဒီတော့ ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ။ ကျွန်တော်က နဂို ကတည်းက ရောဂါအကြောင်းတွေ၊ ရောဂါလက္ခဏာတွေ၊ ကုထုံးတွေ ဒါတွေကို ရေးချင်စိတ်၊ ပြောချင်စိတ် မရှိလှပါ။ ဒီအကြောင်းတွေကို မတတ်သာမှ ပြောချင်ရေးချင်သည်။ ဆေးကျောင်းသားတွေကို စာသင်ရတုန်း၊ လူနာတွေကို ရှင်းပြရတုန်းများတော့ ဒီအကြောင်းတွေကို ဘယ်နေရာမှာမှ ထပ်မပြောချင် မဆိုချင်တော့ပြီ။ သို့သော်လည်း ရောဂါနောက်ကွယ်က ဖြစ်ရပ်တွေအကြောင်း ပြောချင်သည်။ လူတွေရဲ့ တုံ့ပြန်မှုကို စူးစမ်းချင်သည်။ ကပ်ရောဂါတစ်ခုနှင့် အတူပါလာသော စကားလုံးတွေ၊ ဝေါဟာရတွေ၊ အသုံးအနှုန်းတွေကို ခြေရာခံချင်သည်။ ကပ်ရောဂါနှင့် ပတ်သက်၍ အမြင်မှားအယူမှားတွေကို ထောက်ပြချင်သည်။ ကပ်ရောဂါနှင့် ပတ်သက်၍ ရှေးရှေးက ပေါ်ထွက်ခဲ့သည့် စာပေကိုပြန်စောင်းငုံကြည့်ချင်သည်။ မထင်မှတ်သော နေရာမှ ထွက်ပေါ်လာသည့် ကပ်ရောဂါ၏ ကောင်းကျိုးကို မမေ့မလျော့ မှတ်တမ်းတင်ချင်သည်။ ကပ်ရောဂါကြောင့် စိတ်နှလုံး ညှိုးငယ်နေသူများကို ဖြေသိမ့်ချင်သည်။

ဒီလို စိတ် အခြေအနေတွေက ဖြစ်နေတုန်း မှာနေတုန်း ရေးထား မှတ်တမ်းတင်ထားပါမှ၊ မဟုတ်လျှင် သွေးအေးသွားပြီး ဘာမှ ရေးဖြစ်တော့မည် မဟုတ်။ မြို့က မင်းတုပ်ချထား၍ အပြင်ထွက် မရ၊ ဆေးခန်း ပိတ်ထားရ၍ အလုပ်ကမရှိ။ ဒီတော့ အချိန်တွေ ပိုနေသည်။ စာဖတ်ချိန် ပိုရသည်။ တွေးချိန် ပိုရသည်။ စာအုပ်စာတမ်းတွေနှင့် နီးနေရချိန် ပိုရသည်။ ဒီကြားထဲ ကိုမော်လင်းက 'ပြည်သူ့အရေး' ဂျာနယ်ကို ခေါ်ချိတ်ပေးတာရှင်း လုပ်လိုက်ရာ ဒီနေ့ပို့တဲ့ ဆောင်းပါးများကို ပြန် ပါလာသည်။ မိမိရေးထားတဲ့စာ မြန်မြန်မြင်ရသည်။ ဖတ်ရှုသူပရိသတ်၏ တုံ့ပြန်မှု မြန်မြန်သိရသည်။ ပရိသတ်တချို့က ကျွန်တော့်စာတွေ ရှည်လွန်း၍ တစိကြောင်း ပြောသည်။ တချို့သော အကြောင်းအရာတွေက လိပ်ပတ်လည်အောင်ပြောမှ ဂယနကာသိမည် ကိစ္စတွေ။ ဥပမာ - Clinical Trial ခေါ်သည့် ရောဂါကုထုံး စမ်းသပ်မှု။ ဒါတွေက ကျွန်တော်တို့ ပရိသတ် နားမလည်သေးတဲ့ ကိစ္စ။ ဟိုနိုင်ငံက လူတွေကဒီအကြောင်းနားလည်ပြီးသား။ ဒါကြောင့်ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြမှရမည်ဟု သဘောထားပြီး ရှင်းပြရင်း ရှင်းပြရင်း ဆောင်းပါး ပေရှည်သွားရခြင်း။



မည်သို့ပင်ဆိုစေ စာဖတ်သူများကို ကျေးဇူးတင်ပါသည်။ ကိုဗစ် ကာလအတွင်း ဤစာအုပ်ကို ထုတ်ဝေဖို့ အကြံပေးသည့်အပြင် စာအုပ်ဖြစ်မြောက်အောင် ကြိုးဆောင်ပေးသည့် ကိုမော်လင်းကို အထူးကျေးဇူးတင်ပါသည်။ စာအုပ်အမည်ကို ကိုလံဘီယာ စာရေးဆရာ ဂါဘရီရယ်ဂါစီ ယာမားကွက်ဇ်၏ Love in the Time of Cholera ကိုတုပြီး Love in the Time of Corona - 'ကိုဗစ်ကာလအတွင်း ချစ်ခြင်းအကြောင်း'ဟု အမည် တပ်လိုက်ရခြင်းဖြစ်ကြောင်း။

၈-၅-၂၂